မောင်လှ ဇတ်လမ်း

“မောင်လှ . . မောင်လှ”
“ဟော့ မောင်လှ”
“မောင်လှ ခေါ်နေတာ မကြားဘူးလား”
သုံးခွန်းအရောက်မှာ စိတ်မရှည်သလို အသံလှိုင်းကမြင့်သွားတော့ ကိုယ့်အတွေးနဲ့ ကိုယ် တဒုန်းဒုန်းနဲ့ နွားစာစဉ်းနေတဲ့ မောင်လှတယောက် အလန်းတကြားထူးလိုက်တယ်။
“ဗျာ မသန်းမြ ဘာခိုင်းစရာရှိလို့လဲ”
အလွတ်ရနေတဲ့ စာသားက ပြောနေကျအတိုင်း ပါးစပ်ကထွက်သွားပြီး လူက ကမန်းကတန်း ထလို့ လက်နှစ်ဘက်ကို ခပ်တိုတို ဝတ်ထားတဲ့ ချည်ကြမ်းလုံချည်ခါးပုံစနဲ့ သုတ်ရင်း တဲအပြင် ပြေးထွက်လာတယ်။
ဟုတ်တယ်လေ၊ မသန်းမြတယောက် ဒီနေရာ ကို ခိုင်းစရာ မရှိလို့ကတော့ ယောင်လို့တောင်မလာ။
“မနက်ဖြန် ငါ မျိုးစပါး လာကျဲမလို့ အဲဒါ နင် မနက်စောစော သွားပြီး လယ်နဲ့နဲ ထွန်ထားစမ်း”
“ဟုတ်ကဲ့ မသန်းမြ”

ကျွန်တော့်စကားအဆုံးမှာ လှည့်ထွက်သွားတဲ့ မသန်းမြ နောက်ကျောကို ငေးကြည့်နေမိတယ်။ တင်းရင်းပြီး လုံးဝန်းနေတဲ့ တင်သားတွေက လမ်းလျှောက်လိုက်တိုင်း ခုန်ပေါက်ကစားရင်း ကျုပ်ကို လှောင်ပြောင်နေသလိုလို။ အဲဒါကို ကြည့်မိတိုင်း တံတွေးကိုဘဲ ဂလုကနဲ မြိုမြိုချနေရတဲ့ ကျုပ်ဘဝ။

အင်း သန်းမြတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီအချိန် ဘယ်သူမှ လယ်ထဲ မဆင်းကြသေး၊ ခုမှ လယ်ကွက်ထဲ ရေတင်ခါစ၊ အင်းလေ ဘာတတ်နိုင်မလဲ၊ သူက အလုပ်ရှင်၊ သွားထွန်ဆို ထွန်ရုံဘဲပေါ့။ စိတ်ပျက်လက်ပျက်နဲ့ တဲထဲပြန်ဝင်လာပြီး နားနေကျ နေရာလေးမှာ ထိုင်လိုက်ရင်း လက်က နို့ဆီဘူး အဟောင်းထဲ ထောင်ထဲ့ထားတဲ့ ဆေးလိပ်တိုကို လှမ်းယူကာ ခါးကြားထဲ လိပ်ထားတဲ့ ဓါတ်ဆီ မီးချစ်နဲ့ မီးညှိလိုက်တယ်။ ပါးစပ်က မှုံ့ထုတ်လိုက်လို့ လွင့်ပျံတက်လာတဲ့ ဆေးလိပ်ငွေ့ကိုမော့ ကြည့်ရင်း အငွေ့တွေက လုံးဝန်းပြီး တင်းရင်းနေတဲ့ တင်သားဆိုင်တွေ အဖြစ်ပြောင်းသွားသလိုလို၊

အဲလိုစိတ်ကူးမျိုးဝင်လာတိုင်း ပေါင်ကြားက ပြောင်ကြီး က အမြဲခေါင်းထောင်လာတယ်၊ ကျုပ် ဒီအကောင်ကြီးကို ပြောင်ကြီး လို့ ကိုယ့်ဖာသာကိုယ် နာမည်ပေးထားတယ်၊ ထလာတိုင်း ခေါင်းက ပြောင်ပြီး တင်းမာနေလို့၊ ကြည့်ပါအုံး နဲတဲ့ အကောင်ကြီးမဟုတ်ဘူး၊ ထွားကလဲထွား ရှည်ကလဲရှည်၊ မကြီးဘဲနေမပါ့လား၊ မွေးကတည်းက တခါမှ တင်းတင်းကြပ်ကြပ် မနေခဲ့ရဘဲ လွတ်လွတ်လပ်လပ် ကြီးပြင်းခဲ့ရတော့ ထွားချင်တိုင်း ထွားနေတော့တာပေါ့။ ကျုပ်မှာလဲ အဖော်ဆိုလို့ ဒါဘဲ ရှိတာကလား။ ဒါတွေမြင်တိုင်း ပြောင်ကြီးနဲ့ဘဲ ဆော့ကစားရတာဆိုတော့၊ ခဏခဏ အဆော့ခံချင်တဲ့ ပြောင်ကြီးက ဒါမြင်တိုင်း ခေါင်းထောင်ထောင်လာတာပေါ့။ ဒါနဲ့ ခေါင်းထောင်လာတဲ့ ပြောင်ကြီးကို ခပ်ဆတ်ဆတ်လေး တချက်ရိုက်လိုက်ပြီး

“နေအုံး၊ ညနေ သန်းမြရေချိုးမှ မင်းနဲ့ငါ ချောင်းကြည့်ပြီး ကစားကြတာပေါ့” လို့ တိုးတိုးလေး လှမ်းပြောလိုက်ရင်း ဆေးလိပ်ကို အားရပါးရ တချက်ဖွာရှိုက်ပြီး ထားနေကျ နို့ဆီဘူးဟောင်းထဲ ပြန်ထည့်ကာ လုပ်လက်စ အလုပ်ဆက်လုပ်ဘို့ နေရာက ထလိုက်တယ်။

ကျုပ်အကြောင်းနဲနဲပါးပါးပြောပြအုံးမယ်၊ ခင်ဗျားတို့ သိပြီးရောပေါ့ နာမည်က မောင်လှ၊ တရွာလုံး ခလေးကအစ ဘဘုန်းကြီးအဆုံး မောင်လှလို့ဘဲ ခေါ်တယ်၊ နာမည်ကသာ မောင်လှ လူက တစက်လေးမှ မလှ၊ နှုတ်ခမ်းက ထူထူ၊ လူက ပုကွကွ၊ ဂင်တိုတို၊ ဒီကြားထဲ ခြေကခွင်သေး၊ နေပူမရှောင် မိုးရွာမရှောင် အလုပ်နဲ့လက် မပြတ်တမ်းလုပ်နေရတော့ အသားကလဲ မဲ၊ အကြောင်းမသိလို့ကတော့ အာဖရိက က ကပ်ပလီ တယောက် ဒီရွာမှာ ဘာလာလုပ်တာလဲ လို့ ထင်စရာ ဖြစ်လောက်တယ်။

နောက်ပြီး ကျုပ်က တကောင်ကြွက်၊ အဖေရော အမေဖက်ကပါ ဆွေမျိုးတွေက တယောက်မှ မရှိ၊ ကျုပ်ဆယ်ကျော်သက်လောက် ရောက်ကတည်းက အဖေနဲ့ အမေက ရှေ့ဆင့် နောက်ဆင့် ဆုံးပြီး ကိုယ့်ဘဝကိုယ်ကျောင်းခဲ့ရတာဘဲ။

ပြောရအုံးမယ် မသန်းမြအကြောင်း၊ သူက တခုလပ်၊ သူ့အပျိုဖော် ဝင်စကတည်းက ရွာကို လာလည်တဲ့ မြို့သားတယောက်နဲ့ အကြောင်းပါပြီး မြို့ကို ခိုးရာလိုက်သွားတာလေ၊ သူ့အမေလား ဘာပြောကောင်းမလဲ ဒေါသထွက်လိုက်တာ၊ အပျိုတောင် မလုပ်ရသေးဘူး လင်နောက်လိုက်ပြေးသွားလို့လေ။ အဲဒါ သူဘာဖြစ်ဖြစ်ဆိုပြီး ပြန်မကြည့်တော့ဘူး၊ ပြစ်ထားလိုက်တာ နှစ်အတော်ကြာဘဲ၊ ခု ယောက်ကျားနဲ့ ကွဲပြီး ရွာကို ပြန်ရောက်လာတာ ဘာကြာသေးလို့လဲ။

သူမရှိတဲ့နောက် အရီးလေးကလဲ အလုပ်ကြမ်းဆို ကျုပ်ကို ခေါ်ခေါ်ခိုင်းရင်းက ခုဆို ကျုပ်ကအရီးလေးရဲ့ တဦးတည်းပိုင် အလုပ်သမား ဖြစ်သွားပြီး အရီးလေး ခြံဝင်းထဲက နွားတင်းကုတ်နောက်မှာ ကျူထရံကာ အဖီလေးထိုးပြီး နေခဲ့တာဘဲ။ ကျုပ်ကလဲ စေတနာနဲ့ အလုပ်သမားရယ် အလုပ်ရှင်ရယ် သဘောမထားပါဘူး၊ ရှိသမျှ အလုပ် သိမ်းကြုံးလုပ်ပေးလိုက်တာပါဘဲ၊ အရီးလေးကို သနားတာလဲ ပါတာပေါ့။ အားကိုးအားထားကလဲ မရှိရှာတော့ဘူးမဟုတ်လား။ အဲဒါကလဲ ကျုပ်အဖို့ တမျိုးကောင်းတာပါဘဲ၊ အရင်ကလို ဟိုလူခေါ်ခိုင်း ဒီလူခေါ်ခိုင်း ဘဝကနေ ခုဆို အရီးလေး တယောက်တည်းရဲ့ အလုပ်သမားဖြစ်သွားတော့ ကျုပ်ဘဝလည်း တည်ငြိမ်သွားတယ်။ အလုပ်မရှိတိုင်း အလုပ်လိုက်လိုက်ရှာနေရတဲ့ ဒုက္ခကလဲ ကင်းသွားတယ်။ နေဘို့ထိုင်ဘို့စားဘို့သောက်ဘို့ လဲမပူရတော့ဘူးပေါ့။

ခုမသန်းမြရောက်လာမှ ကျွန်တော့်အလုပ်ရှင်က အရီးလေးကနေ မသန်းမြဖြစ်သွားတယ်။ မြို့သားနဲ့ ယူပြီး မြို့မှာ ဘယ်လိုဖြစ်ခဲ့တယ်မသိ၊ မသန်းမြတယောက် နှုတ်ကြမ်း၊ အာကြမ်း၊ ခြေမြန်လက်မြန်နဲ့ မိန်းမကြမ်းကြီး အဖြစ်ရွာကို ပြန်ရောက်လာတာ။ ရောက်ရောက်ခြင်းတော့ မသိပါဘူး၊ ဘယ်သိမလဲ သူက နှစ်အကြာပြီး ရွာကပျောက်သွားပြီးမှ ပြန်ရောက်လာတာကိုး၊

ဘာကြာမလဲ ရွာလယ်က မနက်ဈေးလေးမှာ သူ့အကြောင်း အတင်းပြောတဲ့ ရွာထဲက ကောင်မ ၂ ယောက်ကို ကက်ကက်လန်ရန်တွေ့ပြီး ပါးဆွဲချ ပြစ်လိုက်တာလေ။ ပြီတော့ ရန်တွေ့ပုံကလဲကြည့်
“ဟဲ့ ဘာဖြစ်လဲ ငါ့ဟာငါ ကြိုက်လို့ ငါ့ပစ္စည်းနဲ့ ငါခံခဲ့တာ၊ နင်တို့ စောက်ပတ် ငှားခံခဲ့တာ မဟုတ်ဘူး၊ နင်တို့ စောက်ပူ တပြားမှ မပါဘူး၊ အဲဒါမှတ်ထား၊ နောက် ငါ့အကြောင်း ငါ့ကွယ်ရာမှာဘဲ ပြောပြော၊ ငါ့ရှေ့မှာဘဲ ပြောပြော ငါ့အကြောင်း ကောင်းကောင်းသိမယ်မှတ်”
လို့ ကြိမ်းဝါးပြီး ပညာပေးလိုက်တဲ့ နောက်မှာတော့ မသန်းမြ တယောက် ရွာထဲမှာ လူလူသူသူ ဖြစ်သွားတယ်။ ဟိုလူကလဲ တွေ့ရင် သွားဖြဲပြ ဒီလူကလဲ တွေ့ရင် သွားဖြဲပြနဲ့။ သန်းမြကလဲ သန်းမြ စိတ်က လက်တဆစ်ထက် ပိုမရှည်။ သူ့စိတ်နဲ့ မရလို့ကတော့ ပါးစပ်က အယုတ္တအညတ္တ တွေက အရင်ထွက်သွားတယ်။ တရွာလုံး သူကြောက်ရမဲ့သူ တယောက်မှ မရှိ။

ဟော့ ဟော့ မောင်လှတယောက် ဒိတ်ဒိတ်ကြဲကိုမှ တက်မှန်းတယ်လို့ ခင်ဗျားတို့ အပြောမလောနဲ့၊ တရွာလုံးမှာ ရှိတဲ့ လှလှတောင့်တောင့်တွေ မှန်မသမျှ မောင်လှ မမှန်းဘူးတာမရှိသလောက်။ အလုပ်အားတိုင်း ရွာရိုးလျှောက်လို့ တွေ့သမျှ ရွာထဲက ကောင်မတွေကို ငန်းကြောထရင်း ကိုမှတ်ကြီးဆီက စပယ်ရှယ်ချက်ကလေး တပိုင်းလောက်ဆွဲပြီး ဇရက်မင်း စည်းစိမ်လေးနဲ့ ငန်းကြောထလာတဲ့ ကောင်မတွေကို စိတ်ကူးယဉ်ရင်း ပြောင်ကြီးနဲ့ ကစားရတာ မောင်လှရဲ့ ဘယ်တော့မှ မရိုးနိုင်တဲ့ စည်းစိမ်တခု။ ခု သန်းမြရောက်လာတော့မှ ရွာထဲကကောင်မတွေက မောင်လှအတွက် ဖွဲတွေ ဖြစ်ကုန်တယ်။ ဟင်းမ ကြီး အနားမှာ ရှိတော့မှ ဟင်းရံလေးတွေအတွက် အပင်ပန်းမခံတော့၊ အဲ မှတ်ကြီးဆီက စပယ်ရှယ်လေးကိုတော့ အဝယ်ထွက်တုန်း။

ညနေတိုင်း ခြံထဲက ရေတွင်းမှာ ရေချိုးဆင်းတဲ့ သန်းမြကို ချောင်းကြည့်ရတဲ့ အဖြစ်က ကျုပ်နဲ့ ပြောင်ကြီး

အရည်တွေ အတောက်တောက် ကျလောက်အောင်ကို အရသာရှိတာကလား၊ သန်းမြရေချိုးပုံကိုလဲ ကြည့်လေ၊ ရေမချိုးခင် ရေတွင်းထဲက ရေကို ကြိုးတတ်ထားတဲ့ ပုံးနဲ့ ကုန်းကုန်းခပ်ပြီး ဘေးနားက ရေစည်ပြတ်ထဲ ရေဖြည့်နေပုံကလဲ အသဲယားစရာ၊ ထန်းသီးလုံးလောက်ကြီးတွေကို မနိုင့်တနိုင် ချည်ထားတဲ့ ရေလဲထမီ အစုတ်အပြတ်ကလဲ တခါတခါ ရေဆွဲရင်း တန်းလန်း ပြေကျတတ်တော့ အဲဒါကို ဖမ်းဖမ်းထိမ်းပြီး ပြန်ဝတ်ဘို့ ဖြန့်လိုက်တိုင်း ကွဲပြဲနေတဲ့ ထမီစုတ်ကြားက လှစ်ကနဲ ပေါ်လာတဲ့ သန်းမြရဲ့ အတွင်းသား တွေက သေချာမမြင်ရတာတောင် ပြောင်ကြီးကို ခေါင်းထောင်အောင် အမြဲဖန်တီးပေးနေကြ။

နောက်ပြီး ရေမချိုးခင် ဆောင့်ကြောင့်ထိုင်လို့ တနေ့တာ ဝတ်ထားတဲ့ အဝတ်ကို တင်လေး မြောက်ကြွမြောက်ကြွ နဲ့ လျှော်ဖွတ်နေတာများ ကျုပ်စိတ်ကူးထဲ သန်းမြ ကျုပ်အပေါ်က တက်ဆောင့် နေသယောင်ယောင်၊ ပြီးတော့ ရေချိုးရင်း အသားနဲ့ တပြေးတည်းကပ်နေတဲ့ သန်းမြရဲ့ ထွားကြိုင်းတဲ့ အသားစိုင်တွေက အရှိကို အရှိအတိုင်း ဖော်ပြနေတဲ့ ကြားထဲ တခါတခါ ထမီအဖုံးကြားထဲ လက်ထိုးပြီး သန့်ရှင်းရေး လုပ်သေးတာကြောင့် ဒီလက်ကြီး ငါ့လက်ဘဲ ဖြစ်လိုက်စမ်းပါတော့ လို့ တမ်းတရင်း ဆုတ်ထားတဲ့ ပြောင်ကြီးကို တအားဆွဲဆွဲညှစ် ပြီး အားမလို အားမရ ပြင်းပြင်းလေး ဆောင့်ပေးလိုက်တာ ပြောင်ကြီးခမျာ ခြေကုန်လက်ပန်းကျလို့ အန်ထွက်တဲ့ အထိပါဘဲ။

အမယ် ကျုပ်လား၊ မိန်းမသာ ကိုယ်ထိလက်ရောက် မလိုးဘူးတာ လိုးနည်းကတော့ အကုန် သိပ့်။ မသိနေမလား၊ ဝါသနာကလဲ ပါတာကိုး၊ ဝါသနာက ပါတော့ အလိုလိုနေရင်း ပါရမီထူးပြီး စိတ်ကူးနဲ့ အတတ်ကောင်းတွေ တတ်နေတာပေါ့။ လက်တွေ့တော့ တခါမှ မစမ်းဘူးသေး၊ စမ်းဘို့ကလဲ အခွင့်အရေးက ရှာမှရှားလေ၊ လူကမွဲနေတဲ့ အပြင် ရုပ်ကလဲ မလာတော့ ဘယ်မဒီ ကညာက အစမ်းခံချင်ပါ့မလဲ၊ ဒီတော့ တွေ့တဲ့သူကိုဘဲ စိတ်ကူးနဲ့ ပုံဖော်ပြီး စမ်းချင်သလို စမ်းနေရတော့တာပေါ့။

ဒီနေ့လဲ ထုံးစံအတိုင်းဘဲပေါ့၊ မနေ့က သန်းမြ မှာထားတဲ့အတိုင်း မနက်စောစောစီးစီး ကြက်တောင်မတွန်သေး သန်းမြ ကြွေးတဲ့ လက်ကျန် ထမင်းကြမ်းကို ငပိရည်လေး ကျဲကျဲ ဆမ်းလို့ မနက်စာ အဝအပြဲ စားပြီး ထွန်တုန်းနဲ့ မျိုးစပါးတွေကို နွား ၂ ကောင်ပေါ်တင်ပြီး လယ်ထဲ ဆင်းခဲ့တယ်။ ညက မိုးတော်တော် သဲထားတာမို့ လယ်ကို ရေပေးဘို့ တူးတားတဲ့ မြောင်းတောင်မှ ရေတွေကပြည့်နေတယ်၊ ဒါကြောင့် ခါးလောက်နက်တဲ့ မြောင်းကို ရေမစို ချင်တာနဲ့ နွားစီးပြီး ဖြတ်ရင်း အင်း ဒီတရက် ၂ ရက်အတွင်း ဝါးတံတား တခု လာထိုးအုံးမှ လို့ စိတ်ကူးလိုက်မိသေးတယ်။ ဟုတ်တယ်လေ နို့မို့ဆို အလွန် ဒုက္ခ ရောက်တာကလား၊ လယ်စောင့်တဲက မြောင်းရဲ့ ဒီဖက်ခြမ်းမှာဆိုတော့ တံတားမရှိဘဲ ဒီမြောင်းကို ဖြတ်လာလို့ကတော့ အောက်ပိုင်းတခုလုံး ရွှံ့ပြီး ကောက်စိုက်သမတွေ ပွက်လောရိုက်လိုက်မဲ့ ဖြစ်ခြင်း။

ထွန်လိုက်၊ နားလိုက်နဲ့ နေမွန်းမတည့်တတည့်မှာတော့ ဘိုက်က အရမ်းဆာလာတယ်၊ ဒါနဲ့ နွား ၂ ကောင်ကို ထွန်တုန်းက ဖြုတ်ပြီး တိုင်မှာ ချည် အနားပေးရင်း ထမင်းစားပြီး သောက်ဘို့ ရေနွေးကြိုရင်း ဝါးကွပ်ပျစ်ပေါ်မှာ ခြေပျစ်လက်ပျစ်ဘဲ နားလိုက်တယ်။ အင်း မိုးကလဲ အုံ့တုံ့တုံ့နဲ့ ရွာများ ရွာအုံးမလား မသိဘူး၊ ရွာလိုက်လို့ကတော့ ပြဿနာဘဲ၊ မိုးရွာကြီးထဲ သန်းမြတယောက် ငါ့ကို မိုးရေထဲမှာ အလုပ်ပီးအောင် ခိုင်းအုံးမယ် ထင်တယ်၊ ဒီကောင်မလား ငါနဲ့ ရမှ မှတ်လောက်အောင် ပညာပေးရမယ်လို့ ကိုယ့်ဘက်က သာသာသာထိုးထိုးလေး တွေးလိုက်မိတယ်။

ဟောတွေ့ပြီ၊ သန်းမြ၊ ထမင်းတောင်း ရွက်လို့ မြောင်းကို ဖြတ်ဘို့ ကြိုးစားနေတာ၊ စောစောက မတွေ့ပါဘူး၊ ဘာလို့ ချက်ချင်း လက်ငင်းကြီး မြောင်းဘေး ရောက်လာပါလိမ့်လို့ စဉ်းစားမိတော့ ကွပ်ပျစ်ပေါ် ခဏလှဲရင်း မှေးကနဲ အိပ်ပျော်သွားတာ သတိရလိုက်တယ်။

တံတားမရှိတော့ သန်းမြတယောက် ထမီကို ရင်ခေါင်းလောက် မှာ တက်ချည်ပြီး အောက်နားစကို လုံးကိုင်လို့ မြောင်းထဲ တဖြေးဖြေး ဆင်းလာတယ်။ ရေနဲ့ တပြေးတည်း ထမီကို မြောက်မြောက်သွားလိုက်၊ ရေတိမ်ပိုင်းရောက်တော့ အောက်ပြန်ချလိုက်နဲ့၊ ဟုတ်သား။ သူ့လိုသာ လူတိုင်း ဖြတ်တတ်လို့ကဖြင့် တံတား

ထိုးဘို့တောင် မလိုတော့၊

ဒီဘက်ကမ်းလဲ ရောက်ရော၊ ရုတ်တရက် သန်းမြတယောက် ကျုပ်နာမည်ကို အကျယ်ကြီး အော်ခေါ်ရင်း ပြေးလာပါလေရော။ ဘာဖြစ်တာပါလိမ့်၊ ပိုးများ ထိသလား ဆိုပြီး ကမန်းကတမ်း ထပြီး သူ့ဆီပြေးသွားတယ်။

"မောင်လှ မောင်လှ လုပ်ပါအုံး၊ ငါ့ကို လုပ်ပါအုံး"
အရင်းမရှိ အဖျားမရှိနဲ့ သူ့အော်တာကို ကြည့်ပြီး ကျုပ်ဘာလုပ်ရမှန်းမသိ။ လက်တဖက်ကလဲ ခေါင်းပေါ် ရွက်ထားတဲ့ ထမင်းတောင်းကို မကျအောင် ထိမ်းထားသေးတယ် ဆိုတော့ ကမန်းကတန်း သူရွက်ထားတဲ့ ထမင်းတောင်းကို လှမ်းယူလိုက်တယ်၊ တော်ကြာ ထမင်းတောင်း မှောက်ကျလို့ ငတ်ရချည်သေးရဲ့။

"ဘာဖြစ်လို့လဲ မသန်းမြ၊ ဘာဖြစ်လို့လဲ"
ကမန်းကတန်း ထမင်းတောင်း လှမ်းယူပြီး မေးလိုက်တယ်။ ထမင်းတောင်း ကျုပ်လက်ထဲ အရောက်မှာ သန်းမြ တအားအား အော်ရင်း တဲရှိရာကို တအားပြေးသွားတယ်။ ကျုပ်လဲ ထမင်းတောင်း ထမ်းရင်း သူ့အနောက် ဘုမသိဘမသိ ပြေးလိုက်ခဲ့တယ်။ တဲထဲရောက်တော့ ကမန်းကတမ်း ထမင်းတောင်းကို တော်ရာနေရာချထားပြီး တအား အား တအီး အီး အော်ပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေတဲ့ မသန်းမြကို မေးရတယ်။

"ဘာဖြစ်တာလဲ မသန်းမြ၊ ဘာဖြစ်လို့လဲ"
"အီး အီး မြွေ့တွယ်တာ၊ မြွေ့တွယ်တာ၊ ငါ့တကိုယ်လုံး အများကြီးဘဲ၊ အား အား လုပ်ပါအုံး မောင်လှရယ်၊ ငါသေတော့မယ်၊ အီး အီး"
မျက်စိပျက် မျက်နှာပျက်နဲ့ ပြောရင်း ငိုပါလေရော၊ ကြောက်တာလဲ ပါမယ်ထင်တယ်။ ရီချင်တယ်။ လူတကာကို ကြိမ်းဝါးခဲ့တဲ့ သန်းမြတယောက် မြွေ့တွယ်တာ ကြောက်ပြီး ငိုတယ်ဆိုတော့။
"ဘယ်မှာတွယ်တာလဲ၊ ပြ၊ ငါဖြုတ်ပေးမယ်" ဆိုတော့ သန်းမြ ထမီကို အပေါ် ပေါင်စပ်လောက်ထိ ဆွဲတင်လိုက်တယ်၊ ကျုပ် မျက်လုံးပြူးသွားတယ်။ မြွေ့ တွေက ဒူးအထက်နားလောက်မှာ၊ တဖက်ကို သုံးလေးငါးကောင်၊ များလှချည်လား ဒီမြွေ့တွေ၊ တခါမှ ဒီလောက်များများ မတွေ့ဘူးပါဘူး၊ ဇကွေ ညကမိုးသဲတော့ တောစပ်ကနေ အုပ်စုလိုက် မျောလာတယ်နဲ့တူပါတယ်။ သန်းမြ အဖြတ်နဲ့ သွားဆုံတာ ဖြစ်မယ်။ မနက်က ငါဖြတ်ခဲ့တာတောင် မတွေ့ပါဘူး။

အဲဒါနဲ့ သူ့ရှေ့မှာ ဒူးထောက်ထိုင်ရင်း တကောင်ပြီးတကောင် ဆွဲခွာလို့ စောစောက ရေနွေးကြိုနေတဲ့ မီးဖိုထဲ တကောင်ချင်း ပြစ်ထဲ့လိုက်တယ်။
"ကဲ ပြီးပြီ" ဆိုပြီး ထဘို့လဲ လုပ်ရော သန်းမြက တုန်တုန်ရီရီနဲ့
"မောင်လှ အပေါ်မှာလဲ ရှိသေးတယ်" ဆိုပြီး မျက်စိပျက် မျက်နှာပျက်နဲ့ ပြောတယ်။
"ဘယ်အပေါ်မှာလဲ" ဆိုတော့
"ပေါင်မှာ" တဲ့၊
အဲဒါမှ ဒုက္ခ၊ ကိုရွှေမြွေ့က သွေးဝပြီး သူ့ဟာသူ ကွာကျသွားရင်တော့ အရေးမကြီး၊ ကြားဘူးသလိုမျိုး တော်ကြာ အပေါက်မှားပြီး ဖင်ထဲဝင်သွားလို့ကဖြင့် ဘိုက်ထဲမှာ မြွေ့က မသေ၊ ပြန်လဲ မထွက်ဘဲ အထဲမှာ အကောင်တွေ ပွားလို့ ဘိုက်ကြီးပူပူလာပြီး သေရောဆိုဘဲ၊ တကယ်တမ်းတော့ အဲဒီလိုမျိုးဖြစ်တဲ့ သူမျိုး တခါမှ မကြုံဘူးသေး၊ ဒါပေမဲ့ တရွာလုံး လူတိုင်း နီးပါး အဲဒါကို ကြားဘူးတာ ဆိုတော့ မသန်းမြတယောက် တုန်တုန်ရီရီနဲ့ ကြောက်နေတာက မဆန်း။

"ဟို ဟို ပေါင်အရင်းမှာရောဘဲလား"
"မ မသိဘူး မောင်လှ၊ ရှိ ရှိမယ်ထင်တယ်"
"ဘယ်လို လုပ်မလဲ မသန်းမြ၊ တော်ကြာ ဟို ဟို ထဲဝင်သွားရင်"
ကျုပ်စကား မဆုံး သန်းမြတယောက် အားကနဲ အော်ပြီး အီးကနဲ ငိုပါလေရော၊ ပြီးတော့
"အဲဒါ နင့်ကြောင့် နင် တံတား မထိုးထားလို့ ငါဒီလိုဖြစ်တာ အီး အီး အီး" ပြောလဲပြော ငိုလဲငို၊

ကျုပ်လဲ မကြံတတ် ဘာလုပ်ရမှန်းမသိ၊ ရွာနဲ့ကလဲ အဝေးကြီး၊ သူ့ကို ထမ်းပြီး ရွာဆီပြေးလို့ကလဲ မဖြစ်၊ အကောင်းဆုံးကတော့ သူကိုယ်တိုင် ခွာချလိုက်ဘို့ဘဲ။
"ဟိုလေ မသန်းမြ၊ နင့်ဘာသာ နင်ကြည့်ပြီး ခွာချလိုက်ပါလား၊ ငါလယ်ကွက်ထဲ ခဏ ရှောင်ပေးမယ်လေ"
"အီး အီး အီး အီး မောင်လှ နင်ဘယ်မှ မသွားနဲ့ ငါကြောက်ပါတယ်၊ အီး အီး အီး သေပြီ၊ ငါတော့ သေပြီ ထင်ပါတယ်၊ အီး အီး အီး အီး"
သန်းမြတယောက် ပြောရင်း တုန်တုန်ရင်ရင်နဲ့ တအားငိုနေတယ်၊ ကျုပ်လဲ သူ့ရှေ့မှာ ငုတ်တုတ်ကြီး၊ ဘာလုပ်ရမှန်းမသိ၊ ခြေမကိုင်မိ လက်မကိုင်မိ၊ မထူးတော့ ဖြစ်ချင်ရာဖြစ် ဆိုပြီး၊ ဇတ်ကနဲ မသန်းမြ ထမီကို ဆွဲချလိုက်တယ်၊ ရုတ်တရက်မို့ ထမီက ဂွင်းလိုက်ကျွတ်ကျသွားတယ်၊ အတွင်းခံဘောင်းဘီ မရှိ၊ ဘလာ၊ ဟင်းလင်း၊

"မောင်လှ နင် ဒါဘာလုပ်တာလဲ"
ကျုပ်ပြန်မဖြေဖြစ်တော့၊ မြင်ရတဲ့ မြင်ကွင်းကို ကြည့်ပြီး ရုတ်တရက် ကြောင်သွားတယ်၊ ဒီမြင်ကွင်းမျိုး တခါမှ မမြင်ဘူး၊ မျက်စိက ပေါင်မှတွယ်ကပ်နေတဲ့ မျှော့တွေအစား အမဲရောင်အကွက်ကြီးကို အရင်ဆုံးမြင်လိုက်ရတယ်။ နောက်မှ ကမန်းကတန်း ပေါင်ကို ကြည့်လိုက်တော့ ဟုတ်ပါရဲ့ ပေါင်မှာလဲ လေးငါးခြောက်ကောင်၊ နဲနဲကြာသွားလို့လားမသိ၊ အကောင်တွေတောင် သွေးဝသလို ဖေါင်းဖေါင်းလေး ဖြစ်လို့၊

"ဟုတ်တယ် မသန်းမြ၊ ပေါင်မှာလဲ မနဲဘူး၊ ငြိမ်ငြိမ်နေလေ ငါခွာလိုက်မယ်"
ပြောလိုက်မှ ထမီအောက်နားစကို ကိုင်ရင်း ခုန်ဆွ ခုန်ဆွ ဖြစ်နေတဲ့ မသန်းမြတယောက် ငြိမ်သွားတယ်။ ပေါင်မှာကပ်နေတဲ့ ကျေးဇူးရှင်လေးတွေကို တကောင်ပြီး တကောင် ဆွဲခွာပြီး စောစောကလိုဘဲ မီးဖိုထဲ ပြစ်ထည့်လိုက်တယ်၊ မသန်းမြကတော့ တအီးအီး တဟင်းဟင်းနဲ့၊ အော်နေတာလား၊ ငိုနေတာလား မသိတော့။

ပေါင်က အကောင်တွေက သွေးစုတ်တာ နဲနဲကြာသွားလို့မသိ၊ ကွာသွားတာတောင် သွေးကမတိတ်၊ တစိမ့်စိမ့် ထွက်လို့ဆိုတော့ ပေါင်မှာ သွေးတွေက ရဲနေတာပေါ့။ တောသူပေမဲ့ သန်းမြ အတွင်းပိုင်းတွေက ဖြူသား၊ ဒူးအောက်နားကစပြီး ညိုသွားပေမဲ့ နေမထိ လေမထိတဲ့ ပေါင်အတွင်းသားတွေကတော့ ဖြူဝင်းနေတာဘဲ၊ မြင်ရတာ အသဲယားစရာ၊ ဖြူဖြူဖွေးဖွေးနဲ့ ကိုက်စားချင်စရာကြီး၊ မျှော့တွေသာ ခွာပြစ်နေရတယ် လူက သန်းမြ တကိုယ်လုံးကို အနီးကပ် သုသေသနလုပ်လို့၊ ဟုတ်တယ်လေ ဒီလိုအခွင့်အရေးဆိုတာ ရခဲဘိချင်း၊ ဒီလိုပုံစံမျိုး ကိုယ့်မျက်စိ ရှေ့မှာ မြင်ရဘို့ဆိုတာက လွယ်တာမှတ်လို့၊ ပြီးတော့ သူက သန်းမြ၊ ကျုပ် နေ့စဉ် ပြစ်မှားနေတဲ့ သန်းမြ၊ ကြည့်စမ်းပါအုံး ကျုပ်မျက်စိရှေ့မှာ အောက်ပိုင်းဘလာနဲ့၊ ဖြူဝင်းနေတဲ့ ပေါင်တံ ၂ ခုကြားက အမွေးမဲမဲတွေ ဖုံးလွှမ်းနေတဲ့ နေရာလေး၊ ကျုပ်စိတ်ဝင်အစားဆုံး၊ ဒီအထဲကိုများ ကိုရွှေမျှော့က ဝင်သွားသေးသလား။ ငုံ့ချောင်းလိုက်တယ်၊ မမြင်၊ ဒါကြောင့်

"ပေါင်နဲနဲကားလိုက် မသန်းမြ၊ ငါမမြင်ရဘူး" ဆိုတော့ သန်းမြလဲ ကားပေးတယ်၊ သူ့စိတ်ထဲ ခုချိန်မှာ အရှက်ထက် အသက်က ပိုအရေးကြီးတယ် ထင်နေလား မသိ။ ခေါင်းကို ပေါင်ကြားထဲ တိုးဝင်ပြီး မော့ကြည့်လိုက်တယ်၊ ဘာမှ မမြင်၊ ဒါနဲ့ ပါးစပ်က

"မမြင်ရဘူး၊ ငါစမ်းကြည့်လိုက်အုံးမယ် မသန်းမြ" ဆိုပြီး လက်ချောင်းနဲ့ ဖင်ကြားကို နှိုက်လိုက်တယ်။ "အိုး" ဆိုပြီး မသန်းမြ တွန့်သွားတယ်။ ဘာမှတော့ မပြော၊ ပြောလို့ရမလား၊ စမ်းကြည့်မယ် ပြောထားတာကိုး။ ပိုပိုလိုလိုလေး လက်ချောင်းကို ဖင်ကြားထဲ သုံးလေးချက် ဆွဲပေးလိုက်တယ်။ ဘာမှမရှိ၊ အထဲရောက်သွားတာတော့ မဖြစ်နိုင်၊ နောက်ပေါက်ကတော့ စိတ်အေးသွားရပြီ၊ ရှေ့ပေါက်ဘဲ ကျန်တော့တယ်။

"အနောက်မှာတော့ ဘာမှ မရှိဘူး မသန်းမြ၊ အရှေ့ဘဲ ကျန်တော့တယ်၊ ဟို ဟိုလေ နင့်အမွေးတွေက များလွန်းတော့ ငါစမ်းကြည့်မှ ဖြစ်မယ်"
"မောင်လှ နင် နော် နင် နင်" မသန်းမြစကားမဆုံး၊ မောင်လှ လက်က အမွေးတွေ ကြားထဲရောက်ထွားပြီး

ဟိုပွတ်ဒီပွတ်နဲ့ လျှောက်စမ်းတယ်။

သန်းမြရယ် ထိမိလိုက်တဲ့ နေရာအားလုံးက ငါ့အတွက် အတွေ့ထူးချည်းပါဘဲလား၊ စမ်းရင်း စိတ်က ဘယ်လိုမှ မထိမ်းနိုင်တော့၊ ဒီလို အခွင့်အရေးက ၂ ခါမရနိုင်၊ အရင်ကလို စိတ်ကူးနဲ့ ပြစ်မှားနေတဲ့ အခြေအနေမျိုးမဟုတ်၊ ခု အရှင်လတ်လတ် ကိုယ်ထိလက်ရောက်ကြီး ကိုင်တွယ်နေရတာဆိုတော့ အောက်က ပြောင်ကြီးကလဲ ခေါင်းထောင်လာတယ်၊ ဖြစ်ချင်ရာဖြစ် မထူးတော့၊ ပေါင်ကားပြီး ရပ်နေတဲ့ သန်းမြ တင်ပါး ၂ ဘက် သေချာ ရုတ်တရက် ဖက်လိုက်ပြီး ကျုပ်မျက်နှာကို သူ့ပေါင်ကြားထိုးပြီး အမွေးတွေ ဖုံးနေတဲ့ နေရာကို ပါးစပ်နဲ့ အတင်း ဖမ်းအပ်ထားလိုက်တယ်။ သွားပြီး ခုမှ မသန်းမြကို တကယ့်မျှော့အကြီးစားကြီး တွယ်လိုက်ပြီ။

“အား” ရုတ်တရက် ဆိုတော့ သန်းမြပါးစပ်က အားကနဲ အသံပြဲကြီးနဲ့ထအော်တယ်၊ နောက်မှ “ဟဲ့ မောင်လှ နင် နင် ဒါ ငါ့ကို ဘာလုပ်တာလဲ” ပါးစပ်ကအော်ရင် လူက အတင်းရုန်းတယ်၊ ကျွဲပေါက်နီးပါးလောက် သန်မာတဲ့ မောင်လှ လက်က အင်မတန် တောင့်တင်းလှပါတယ်ဆိုတဲ့ မသန်းမြ ဘယ်လိုမှ မရုန်းနိုင်၊ လက်က ကိုင်ထားတဲ့ ထမီစကို လွှတ်ပြီး မောင်လှကျောကို တဘုန်းဘုန်းထုတယ်။ အတင်းဖက်ထားတဲ့ မောင်လှ ကျောက ကြွက်သားတွေက တောင့်တင်းလွန်းတာကြောင့် ထုနေတဲ့ လက်က ဗုံတီးသလိုအပေါ်ကို ပြန်ပြန်ကန်ထွက်သွားတယ်။ အဲဒီမှာ ပေါင်ကြားမှာ အပ်ထားတဲ့ မောင်လှ ပါးစပ်က အစွမ်း ထပြပါလေရော၊ တတ်လို့တော့မဟုတ်၊ လုပ်စရာက ဒီတခုဘဲ ရှိတာကိုး။

ပထမ အပ်ထားရာကနေ အတင်း ဆွဲစုတ်လိုက်တယ်၊ ဘာမှန်းမသိ၊ မောင်လှ ခေါင်းကို ဘယ်ညာရမ်းပြီး ပါးစပ်ထဲ ဝင်လာသမျှအရာတွေကို အဆင့်အတန်းမခွဲဘဲ အတင်း ဆွဲဆွဲစုတ်တော့တာဘဲ။ လူက မသန်းမြ တင်ပါးကို တင်းတင်းကြီး ဖက်ထားတာ ဆိုတော့ မသန်းမြအောက်ပိုင်းက မောင်လှ ခေါင်းနဲ့ လက်ကြားမှာ ညှပ်နေပြီ ဘယ်လိုမှ လူတ်လို့မရ၊ လူတ်လို့ရတဲ့ လက် ၂ ဘက်ကလဲ မောင်လှ ကျောကုန်းကို ဗုံတီးသလို တဘုန်းဘုန်း ထုရင်း အော်လို့ရတဲ့ ပါးစပ်က နင်းကန် မောင်လှ နင်ငါ့ကို ဒါဘာလုပ်တာလဲ၊ သေချင်လို့လား နင် ငါ့ကို လွှတ်နော် ခု လွှတ်ဆိုလွှတ်နော် ဘာညာ နဲ့ အော်ဟစ် ကြိမ်းဝါးနေပေမဲ့ ကြိုးပြတ်သွားတဲ့ နွားသိုးက မမှု့၊

မောင်လှ တကိုယ်လုံးက ပေါင်ကြားထဲမှာ ဆိုတော့ ဒူးနဲ့တိုက်မယ် ဆိုပြီး ခြေကိုမြှောက်လိုက်တိုင်း ဟသွားတဲ့ နေရာလေးထဲ တိုးတိုးဝင်လာတဲ့ မောင်လှ လျှာကြောင့် အားယူပေမဲ့ ဟုတ်တိပတ်တိ မတိုက်ဖြစ်တော့၊ ကြာတော့ သန်းမြလဲ မောပန်းလာပုံဘဲ၊ ဗုံတီးနေတဲ့ လက်က သွက်သွက်လက်လက် တဘုံးဘုံး နဲ့ မြိုင်ထလေး တီးနေတာကနေ ပတ်မထုသလို တချက်ချင်း လေးလံသွားသလို တဘုတ်ဘုတ်နဲ့ အသံကလဲ ပျော့သွားတယ်။

တခုလပ်ပေမဲ့ တသက်နဲ့ တကိုယ် မကြုံဘူးတဲ့ အတွေ့ထူးကြောင့် မသန်းမြရဲ့ ထုရိုက်အားတွေက တဖြေးဖြေးပျော့ကျလာတယ်၊ ပါးစပ်က ကြိမ်းဝါးသံတွေကလဲ အီး အီး အား အား နဲ့ အသွင်ပြောင်းလာတယ်၊ မောင်လှ ပါးစပ်ထဲမှာလဲ သိသိသာသာ မနက်က စားခဲ့တဲ့ ငါးပိရည် ရေကျဲလို အရသာမျိုးလေး စီးဝင်လာတယ်။ ဒူးနှစ်ဘက်ထောက်ပြီး တင်ပါးကို အားရပါးရဖက်ပြီး စုတ်နေတဲ့ မောင်လှက ဘာကိုမှ မမှု့တော့၊

တဖက်က တိုက်စစ်အား ပျော့သွားတာကို အခွင့်ကောင်းယူရင်း လက်တဖက်ကို ကမန်းကတန်းလွှတ်ပြီး မသန်းမြ ခြေတဖက်ကို သူ့ပုခုန်းပေါ် ဆွဲတင်လိုက်တယ်၊ မသန်းမြ ခြေတဖက်ကို ဖက်ရင်း တဖက်က ပုခုန်းပေါ် ထမ်းထားတဲ့ ခြေတဖက်ကို ထိမ်းပြီး လူကို သက်သာသလို ပြင်ရင်း စောစောက ခင်းထားတဲ့ ဇတ်ကိုဘဲ အားပါးတရဆက်ကနေလိုက်တယ်၊
ခြေတဖက်တည်းနဲ့ ဟန်ချက်ပျက်သွားတဲ့ မသန်းမြက လဲမသွားအောင် စောစောက ထုရိုက်နေတဲ့ လက်နဲ့ မောင်လှ ကျောကို အားပြုထောက်ရင်း အရသာထူးမှာ နစ်မျောပြီး မသိမသာ မောင်လှကျောကို လက်နဲ့ အားပြုလို့ သူ့ကိုယ်ကို မောင်လှ ပါးစပ်ထဲ အလိုအလျှောက် ကော့ကော့ပေးနေမိတော့တယ်၊ ပါးစပ်ကလဲ

အားအား အီးအီး၊ကျွတ်ကျွတ် နဲ့ မောင်လှ စုတ်ချက်တိုင်းကို အတွင်းက ကလီစာတွေ တခုပြီး တခု ထွက်သွားတဲ့အတိုင်း အော်နေရင်း လူက တဖြေးဖြေးပျော့ကျလာတယ်။

လူကပျော့ကျလာလိုက်တာ နောက်ဆုံး ရပ်နေနိုင်တဲ့ စွမ်းအားတောင်မရှိတော့၊ ဒူးထောက်ထိုင်နေတဲ့ မောင်လှကိုဘဲ တကိုယ်လုံးက အားပြုထားရတဲ့ အနေမျိုးကို ရောက်လာတယ်၊ ဒီအခြေအနေမျိုးကိုရောက်တော့မသန်းမြလဲ ငြင်းနိုင်စွမ်းမရှိတော့၊

"မောင်လှ . . နင် ငါ့ကို ကွပ်ပျစ်ပေါ်မှာ လှဲပြီး ကြိုက်သလို လုပ်ပါတော့ဟယ်" ဆိုပြီး အသံပျော့ပျော့လေး မသန်းမြဆီကထွက်လာတော့တယ်။
အဲဒီအသံကြားတော့ မောင်လှ မသန်းမြကို အားရပါးရ လျှာနဲ့ထိုးရင်း တချက်စုတ် လိုက်ပြီး မော်ကြည့်တယ်၊ မောင်လှ မျက်နှာနဲ့ ပါးစပ်တဝိုက်မှာ မသန်းမြဆီက အရည်တွေ နဲ့ ဝင်းပြောင်လို့။ နှစ်ယောက်သား တယောက်နဲ့ တယောက် ခဏစိုက်ကြည့်ပြီး မောင်လှ မသန်းမြကို ခြေထောက်က ဆွဲကနဲ ကောက်ချီလိုက်ပြီး မတ်တပ်ရပ်လိုက်တယ်၊ စောစောက ရုံးရင်းခံဆတ်နဲ့ ကျွတ်နေတဲ့ မောင်လှ လုံချည်က ဒီနေရာမှာဘဲ မသန်းမြ ထမီနဲ့ ကပ်ရက်လေး ကျန်ခဲ့တယ်။

ချီလာတဲ့ မသန်းမြကို ဝါးကွပ်ပျစ်ပေါ် ညင်ညင်သာသာချလိုက်တယ်၊ မောင်လှ ပေါင်ကြားက ပြောင်ကြီးကလဲ ခုမှ တကယ်ပွဲတိုးရပြီ ဆိုပြီး အစွမ်းကုန် ခေါင်းထောင်နေလိုက်တာ ကြောက်မခန်းလိလိ၊ မသန်းမြကိုယ်ပေါ် ဒူးထောင်ခွရင်း လက်က မသန်းမြရဲ့ နိပ်သီးတပ် ရှေ့ကွဲအင်္ကျီကို တထောက်ထောက်နဲ့ ဖြုတ်လိုက်တယ်၊ အင်္ကျီဟသွားတော့ အတွင်းက ဝါညစ်ညစ် အတွင်းခံ ဘော်လီက ပေါ်လာတယ်။ ထွားကြိုင်းလိုက်တဲ့ မသန်းမြ နို့တွေ ဘော်လီအောက်မှာ မဆန့်မပြဲ၊ ဘောလီကို အတင်းလှန်တင်ဘို့ကြိုးစားတော့ မသန်းမြက ဟဲ့ ဟဲ့ ဆိုပြီး သူ့လက်က ကျောအောက်ကို လျှိုလို့ ဂျိတ်တွေကို ဖြုတ်ပေးတယ်၊ တော်ကြာ ဟောင်းနွမ်းနေတဲ့ ဘော်လီစုတ်က မောင်လှ အတင်းလုပ်လို့ စုတ်သွားမှဖြင့်၊
မသန်းမြမျက်လုံးက မောင်လှ ရဲ့ ပြောင်ကြီးဆီမှာ၊ ဂျိတ်ပြုတ်သွားတာနဲ့ မောင်လှ ဘော်လီရော အင်္ကျီပါရောပြီး မသန်းမြ ခေါင်းက ဆွဲချွတ်လိုက်တယ်၊ ခုမှ ၂ ယောက်စလုံးက ကျောက်ခတ်က လူသားတွေ ဘဝကို ပြန်ရောက်သွားတယ်။

မောင်လှ မျက်ဝန်းတွေက ဝင်းဝင်းတောက်လို့၊ တကိုယ်လုံးကျွတ်သွားတဲ့ သန်းမြရဲ့ နို့အုံကြီးတွေကလဲ ထွားလိုက်တာ လွန်ပါရော၊ သန်းမြကိုယ်ပေါ် ဒူးထောက်ခွရင်း ဘယ်ကစပြီး ဘာလုပ်ရမှန်းမသိ။ မျက်စိ သန်းမြ ကိုယ်ပေါ် ပြေးကစားရင်း အသက်ပြင်းပြင်းရှူလို့ လူက အလိုလို မောနေတယ်။ ပြောင်ကြီးကလဲ တရှူးရှူးနဲ့ မန်ထနေပြီ၊
"မောင်လှ နင်ဘာလုပ်နေတာလဲ"
မသန်းမြဆီက အသံထွက်လာတော့ မောင်လှက ယောင်တောင်ပေါင်တောင်နဲ့အယ်နေတဲ့ မသန်းမြ နို့အစုံကို သူ့လက်ကြမ်းကြီးနဲ့ အုပ်ကိုင်လိုက်တယ်။ ကမ္ဘာပေါ်မှာ အနူးညံ့ဆုံး အရာတခုကို ကိုင်မိသွားသလိုဘဲ၊ ပြန်ခွာလို့ကို မရတော့၊ ဖွဖွလေး ညှစ်ကစားရင်း မသန်းမြကို သေချာကြည့်မိတယ်။ မသန်းမြကလဲ သူ့ကို ပြန်ကြည့်တော့
"မသန်းမြ နင့်ကိုငါ ကြိုက်နေတာ ကြာပါပြီဟာ" လို့ဘဲ တုန်းတိကြီး ပြောလိုက်တယ်။ မသန်းမြ ဘာမှ ပြန်မပြော၊ သူ့ကိုစိုက်ကြည့်နေရာကနေ မျက်စိက သူ့ပြောင်ကြီး ဆီကို ရွှေ့သွားတယ်၊ မောင်လှ အလိုက်တသိဘဲ
"ငါ့ဟာကြီးလဲ နင်ကိုင်ကြည့်ပါအုံး မသန်းမြ" လို့ဆိုရင်း မသန်းမြလက်ကို ကောက်ဆွဲပြီး ပြောင်ကြီးပေါ် တင်ပေးလိုက်တယ်၊
လက်တဖက်က အစရသွားတော့ နောက်တဖက်ကပါ ပါလာပြီး ကျုပ်ပြောင်ကြီးကို လက်နှစ်ဘက်နဲ့ တင်းတင်းဆုတ်ကစား တော့တာပါဘဲ၊ တသက်နဲ့တကိုယ် ပထမဆုံးအကြိမ် ကျုပ်ပြောင်ကြီး မိန်းမတယောက်လက်ထဲ ကျသွားချင်းပါဘဲ။
တယောက်နဲ့ တယောက် ဆုတ်ကစားရင်း မသန်းမြက

"မောင်လု နင်ငါ့ကို လုပ်မယ်ဆိုလဲ လုပ်တော့လေ" ဆိုတော့ မောင်လု ကမန်းကတမ်း မသန်းမြ ပေါင်ကြား ဆောင့်ကြောင့်ထိုင်လိုက်တယ်၊ မသန်းမြ ခြေ ၂ ချောင်းကို ဆွဲမြှောက်ပြီး သူ့ပြောင်ကြီးကို အမွေးတွေကြားထဲ တေ့လိုက်တယ်။ ချွဲကျိနေတဲ့ နေရာကို တေ့ပြီး အသာထိုးသွင်းလိုက်တော့ မသန်းမြပါးစပ်က အား ဆိုပြီး အသံတိုးတိုးလေ ထွက်လာတယ်။
"နာသွားသလား မသန်းမြ"
"မနာပါဘူးဟ၊ နင်ကလဲ လုပ်မဲ့ဟာ လုပ်စမ်းပါ၊ ရှာကိုရှည်တယ်"
စိတ်မရှည်သလို မသန်းမြဆီက အသံထွက်လာတော့ ထိုးလက်စ လုပ်ငန်းကို ပြန်လုပ်ရတယ်။ ချွဲကျိနေတဲ့ အပေါက်ထဲ တင်းတင်းကြပ်ကြပ်ကြီးဘဲ ပြောင်ကြီးက တဖြေးဖြေး တိုးဝင်သွားတယ်၊ မသန်းမြ ဆီက အီး အား နဲ့ အသံမျိုးစုံ ထွက်လာပေမဲ့ ရပ်ပြီး မမေးရဲ၊ တော်ကြာ စောစောကလို အဆူခံရင် ဒုက္ခ၊

အဆုံးထိ ဝင်သွားတော့ တဖြေးဖြေး ပြန်ဆွဲထုတ်ပြီး ထုတ်လိုက်သွင်းလိုက် မှန်မှန်လေး ကစားပေးလိုက်တယ်။ ခုမှ မိန်းမ လိုးရတဲ့ အရသာကို ခံစားဘူးတာဆိုတော့ အဲဒီအရသာကို အသေးစိတ် ခံစားနေမိနေမိတယ်။ တကယ်ကောင်းတာဘဲ၊ ပြောင်ကြီးဝင်သွားတဲ့ အခေါင်းလေးက အတွင်းကအရာတွေက သူ့ပြောင်ကြီးကို စုတ်ဆွဲထားသလိုဘဲ။ ကိုယ့်လက်နဲ့ လုပ်ရတာနဲ့ ဘာမှမဆိုင်။ အရသာကို အပီအပြင်ယူရင်း တချက်ချင်း မှန်မှန်သွင်းနေရာက မသန်းမြက

"မောင်လု မြန်မြန် ဆောင့်စမ်းပါဟ" ဆိုတော့ အမိန့်အတိုင်း သွက်သွက်လေး ပြောင်ပြီးကို အသွင်းအထုတ် လုပ်ပေးလိုက်တယ်။
"အင်း အင်း အဲဒါမျိုး လုပ် လုပ်"
အားပေးစကားကြားတော့ ဒီလောက်ဖြစ်လု ဆိုပြီး ကြမ်းကြမ်းလေးဘဲ တဘုတ်ဘုတ်နဲ့ ဆီးခုံချင်း ရိုက်တဲ့အသံထွက်အောင် ဆောင့်ပေးလိုက်တော့ မသန်းမြ အီး အီး အား အား နဲ့ ဝါးကွပ်ပျစ်ပေါ် လူးလိမ့်နေတာဘဲပေါ့။ အမယ် သန်းမြလား ဒီလောက် လူးလှမ့်ပြီး အီးအီး အားအားနဲ့ဖြစ်နေတာတောင် လုပ် လုပ် လို့ အော်သေး။ သူကလုပ် လုပ် ဆိုတော့ ကျုပ်ကလဲ ကဲဟယ် ကဲဟယ် နဲ့ စိတ်ထဲက မောင်းတင်ပြီး တဟင်းဟင်းနဲ့ အသက်ပြင်းပြင်းရှူရင်း အားရပါးရ ဗျင်းတာပေါ့။

တဲတခုလုံးလဲ မသန်းမြ အော်သံ၊ မောင်လု မာန်သွင်းသံ၊ အသားချင်း ရိုက်သံ၊ ဝါးကွပ်ပျစ်ဆီက တကျွိကျွိနဲ့ မြည်သံ အသံမျိုးစုံနဲ့ ဆူညံနေတာဘဲ၊ တဲပြင်မှာ ချည်ထားတဲ့ နွား ၂ ကောင်တောင် ဆူညံနေတဲ့ အသံတွေကြောင့် တဲတွင်း ခေါင်းထောင်ကြည့်ပြီး ဘော ဘော နဲ့ လှမ်းအော်တယ်။

ခဏလေးကြာတော့ မသန်းမြတယောက် မရတော့ဘူး မရတော့ဘူးနဲ့ ကော့လန်လာတော့ ကျုပ်လဲ တိုက်တိုက်ဆိုင်ဆိုင် သူ့ဖြစ်ပုံကို ကြည့်ရင်း မထိမ်းနိုင်မသိမ်းနိုင် ပြောင်ကြီး က အန်ချတော့တာပါဘဲ။ အားပါးတရ အန်အပြီးမှာ လူလဲ မောမောနဲ့ နောက်ကို ဖင်ထိုင်ရက် လဲသွားတယ်။ မသန်းမြလဲ ကွပ်ပျစ်ပေါ်မှာ ပက်လက်၊ မျက်လုံး မဖွင့်တော့။
ခုမှ စောစောက အုံ့နေတဲ့ မိုးက သဲကြီးမဲကြီး ရွာချတော့တာဘဲ။

၂ ယောက်သား ခဏလောက် မှေးပြီးတဲ့ ပထမဆုံး သတိပြန်ဝင်လာတာက မသန်းမြ၊ ငုတ်ကနဲ ထထိုင်ပြီး မောင်လုကို စူးစူးရဲရဲကြည့်တယ်။ ပြီးတော့ ဘာမပြောညာမပြောနဲ့ ထပြီး စောစောက ကျွတ်ကျနေတဲ့ သူ့ထမီ ကို သွားကောက်ကာ တဲဒေါင့်က မိုးရေ ခံထားတဲ့ စဉ့်အိုးထဲက ရေကို အုံးမှုတ်ခွက်နဲ့ ခတ်ပြီး သူ့ပစ္စည်း ကို သူ့ဟာသူ ရေဆေးနေတယ်၊

မောင်လုက သူ့ကို မသန်းမြ ဘာပြောမလဲ ဘာလုပ်မလဲ ဆိုပြီး စိုးတထိတ်ထိတ်နဲ့ မသန်းမြ လှုပ်ရှားမှုတွေ အားလုံး လျှောက်ကြည့်နေတယ်။ မိုးရေတွေက ဝါးရေတံလျှောက်နေ စဉ့်အိုးထဲ တဝေါဝေါကျလို့၊ ခုတော့ မိုးသံလေသံမှ တပါး အားလုံးတိတ်လို့။

ရေဆေးပြီးတော့ သူ့ထမီ ပြန်စွပ်ပြီး ရင်လျှားလိုက်တယ်၊ နောက် ချထားတဲ့ ထမင်းတောင်းကို သွားယူပြီး

"မောင်လု ဘာလုပ်နေတာလဲ၊ ထမင်းစားမယ်၊ ရေသွားဆေးချည်"

ရုတ်တရက် မသန်းမြဆီက မမျှော်လင့်တဲ့ စကားကို ကြားရတော့ မောင်လုတယောက် လန့်သွားတယ်။ မသန်းမြ သူ့ကို ရေရေလယ်လယ် ဖျင်းတော့မယ် ထင်တာကိုး။ ကမန်းတတန်းနဲ့ အလန့်တကြား ထပြီး သူ့လုံချည် သူကောက်ယူလို့ တဲဒေါင့်ကို ပြေးသွားတယ်။ လုံချည်ကို တန်းမှာ ပြစ်တင်ပြီး အုန်းမှုတ်ခွက်နဲ့ မျက်နှာက စပြီး ဆေးလိုက်တယ်၊ ပြောင်ကြီးကို ဆေးအပြီးမှာ တန်းပေါ်က လုံချည်ကို ပြန်စွပ်ပြီး လုံချည်စနဲ့ မျက်နှာကို သုတ်ရင်း သန်းမြဆီ လျှောက်လာတယ်။

သန်းမြက စောစောက ကွပ်ပျစ်ပေါ်မှာ ကျုပ်အတွက်ယူလာတဲ့ ထမင်းတောင်းထဲက ထမင်း ဟင်းတွေကို ထုတ်ပြီး ပြင်နေတယ်။ ထမီရင်လျှားနဲ့၊ ကျုပ် တော်တော် အံ့သြသင့်သွားတယ်၊ ခါတိုင်းဆို အဲလို ထမင်းလာပို့ရင် ထမင်းတောင်း ချပြီး သူလုပ်စရာ သွားလုပ်တာဘဲ၊ ကျုပ်ဟာကျုပ်ဘဲ ထည့်စားရတာ၊ ခု ဟာက မိုးရွာနေတော့ သူလုပ်စရာ မရှိဘဲ အားနေလို့ ထမင်းထည့်ပေးနေတာလား မသိ၊ ဒီအခြေအနေမှာ ဘာကိုမှ မယုံရဲ၊ အချိန်မရွေး ပေါက်ကွဲတတ်တဲ့ မီးတောင်နား အိမ်ဆောက်ပြီး နေရသလိုပါဘဲ။

ကွပ်ပျစ်ပေါ် တက်ထိုင်လိုက်တော့ သန်းမြက သူ့လက်ထဲက အသင့် ပြင်ထားတဲ့ ထမင်းပန်းကန် လှမ်းပေးတယ်၊ ဆာဆာ နဲ့ ဟန်မဆောင်နိုင် ပလုပ်ပလောင်း သုံး လေး လုပ် ဆက်တိုက် ပါးစပ်ထဲ ပြစ်ထဲ့လိုက်တယ်။ သန်းမြက ခုထိ ဘာမှမပြော၊ ထမင်းပုဂံ တဝက်လောက် ကျိုးသွားတော့ မှ လူက ပုံမှန် နဲနဲဖြစ်သွားပြီး

"မသန်းမြ နင်ငါ့ကို စိတ်ဆိုးနေလား"
မျက်နှာငယ်လေးနဲ့ မေးလိုက်တယ်။ သန်းမြ ဘာမှ ပြန်မပြော။
သူဘာမှ ပြန်မပြောတော့ ကျုပ်လဲ ထမင်းဆက်စားနေလိုက်တယ်။ ကျုပ်မနေနိုင်ဘူး၊ ခုချိန်မှာ သန်းမြဆီက ကျုပ် တခုခု ကြားချင်တာက အမှန်။
မသကာ ဒုတ်ဆွဲပြီး မောင်လု လူယုတ်မာ ငါ့ကို စော်ကားတယ် ဆဲဆိုပြီး ရိုက်မလား၊ ခံရဲတယ်။ ခုတော့ သူက ဘာမှမပြော၊ ကျုပ်ကိုဘဲ တချက်တချက် သူလှမ်းကြည့်တယ်။
ဒါနဲ့ ကျုပ်က အရဲစွန့်ပြီး ထပ်ပြောလိုက်တယ်။
"မသန်းမြ ငါ့ကို စိတ်မဆိုးပါနဲ့ဟာ၊ နင့်ကို ငါတကယ်ကြိုက်လို့ပါ"
"တော်ပါ" မသန်းမြဆီက ကြားလိုက်ရတဲ့စကား၊ အသံက မာတာလဲ မဟုတ်၊ ပျော့တာလဲ မဟုတ်။ ပုံမှန်။
"ကဲ ပီးပြီလား စားလို့၊ ပီးရင် လက်သွားဆေး"
ဆိုတော့ ထိုင်ရက ထပြီး စောစောကလို တဲဒေါင့်မှာ လက်သွားဆေးတယ်။ သန်းမြက ပုဂံတွေကို ထမင်းတောင်းထဲ ပြန်ထည့်နေတယ်။

ပြန်လာတော့ ရေနွေးက အသင့်၊ အမယ် မောင်လုတို့ ကြီးပွားလှချည်လား၊ ကျုပ် နဲနဲ စိတ်အေးသွားတယ်။ အင်း ဒီပုံဆို ထူးပြီ။ ဒီလောက်တော့ မအ၊ ပြဿနာက အပြင်မှာ မိုးတွေက ရွာတုန်း။
ကွပ်ပျစ်ပေါ် တက်ထိုင်ပြီး အသင့် ထည့်ထားက ရေနွေးကို ကောက်မော့လိုက်တယ်။ တည်ထားတာ ကြာပြီဆိုတော့ ရေက ခပ်နွေးနွေးဘဲ ရှိတော့တယ်၊ တခွက်နဲ့ မဝ၊ နောက်တခွက် ကျုပ်ဟာကျုပ် ထည့်သောက်လိုက်တယ်။

သန်းမြက ထမင်းတောင်းကို တော်ရာသွားချ ပြီး ကွပ်ပျစ်ဆီ ပြန်လာတယ်၊ ကွပ်ပျစ်ပေါ် တက်ထိုင်ပြီး သူခေါင်းပေါင်းလာတဲ့ လုံချည်စုတ်နဲ့ ကွပ်ပျစ်ကို နဲနဲခါတယ်။ ကျုပ်က စကားမရှိ စကားရှာလို့
"အပြင်မှာကလဲ မိုးတွေက သဲတုန်း မသန်းမြ"
သဘောကတော့ မိုးရွာနေလို့ ခဏနားမလား၊ ဒါမှမဟုတ် ဆက်လုပ်မလားပေ့ါ။

သန်းမြက ဘာမှ ပြန်မပြောဘဲ ကွပ်ပျစ်ပေါ် သူ့လက်မောင်းခေါင်းအုံးလို့ အသာလှဲချလိုက်တယ်။ ပြီးတော့ ကျုပ်ကို
"ဒီမှာ လာလှဲလေ မောင်လှ" ဆိုပြီး သူ့ဘေးကို လက်နဲ့ ပုတ်ပြီး ပြလိုက်တယ်။
ကျုပ်ရင်ထဲ ဒိတ်ကနဲ ခုန်သွားတယ်၊ ဟင် ဟင် သန်းမြ ဘာပြောလိုက်တယ်၊ သူ့ဘေး လာလှဲ ဟုတ်လား။ ဟာ ဒါဆို သန်းမြ ငါ့ကို စိတ်မဆိုးဘူးပေါ့၊ ကယောင်ခြောက်ခြားနဲ့ သောက်လက်စ ရေနွေးခွက် ဘေးချပြီး သန်းမြနား လေးဘက်ထောက် လာခဲ့တယ်။
မှိုရတဲ့ မျက်နှာနဲက လေးဘက်ထောက်ပြီး သူ့ဆီ တလှမ်းချင်း လှမ်းလာတဲ့ မောင်လှကို သန်းမြက ဘေးစောင်းလေး အိပ်နေရာကနေ ပက်လက်လေး လှန်ပြီး ကြိုလိုက်တယ်။
သန်းမြဘေးရောက်တော့ မောင်လှက မအိပ်ချဘဲ သန်းမြဘေးထိုင်ရင်း လက်တဖက်က သန်းမြကို ခွပြီး မေးလိုက်တယ်။
"နင် နင် ငါ့ကို စိတ်မဆိုးဘူးနော် မသန်းမြ"
"ဟင်အင်း နင့်ကို ငါကြိုက်သွားပြီ" လို့ ပြုံးပြီး ပြန်ပြောတယ်။
"ဘာ ဘာပြောတယ် တကယ်" အံ့ဩသင့်သံနဲ့ မေးတော့
"ခစ် ခစ် ခစ် ခစ်" နဲ့ မသန်းမြ ပါးစပ်ကို လက်နဲ့ ပိတ်ပြီး ရယ်တယ်၊ မသန်းမြ ရယ်တာ မောင်လှ ခုမှ တွေ့ဘူးတော့တယ်။ ရယ်ရင်းတန်းလမ်း ဘယ်လောက်စီးစီးမခိုင်တဲ့ မသန်းမြရင်က ထမီအလိုလိုပြေကျသွားတယ်။
မောင်လှ အားမလို အားမရနဲ့ ရယ်နေတဲ့ သန်းမြ ကို ဖက်ပြီး ရင်အစုံမှာ မျက်နှာအပ်လိုက်တယ်။ ပြီးတော့ ဗလုံးဗထွေးနဲ့
"တကယ်လား မသန်းမြ တကယ်လား" ဆိုပြီး တတွတ်တွတ်မေးတယ်။
"ခစ် ခစ် ခစ် ခစ် နဲ့ ရယ်ရင်း တန်းလမ်း မသန်းမြက
"အေးပေါ့ဟ၊ ကဲပါ မောင်လှရယ်၊ ငါ့ကို စောစောကလို နမ်းပေးအုံး" ဆိုပြီး သူ့ရင်ဘတ်မှာ မျက်နှာအပ်နေတဲ့ ကျုပ်ခေါင်းကို အောက်ဘက် တအင်း တွန်းချတော့ တာပါဘဲ။
ကျုပ်ခုမှ သဘောပေါက်သွားတယ်၊ သန်းမြ ဘာကြိုက်သွားတာလဲ ဆိုတာ၊ ကျုပ် အမှတ်မထင် လုပ်လိုက်တဲ့ လုပ်ရပ်က သူ့အကြိုက် ဖြစ်သွားတာပါလား။
ဒါနဲ့ ထမီကို လက်နဲ့ တွန်းဖယ်ပြီး အလိုက်သင့် ကားပေးတဲ့ ပေါင်ကြားက အမဲရောင် ကွင်းထဲ ဒုတိယအကြိမ် ကျုပ် ပါးစပ်အပ်လိုက်တယ်။
"အိ အိ . . အိုး အိုး . . အားအား . . အင်းအင်း"
တဲပေါ်မှာ အသံတွေ ဆူညံသွားပြန်တယ်။
အဲဒီကနေစလို့ မောင်လှ နဲ့ မသန်းမြ တိတ်တိတ်ပုန်း ညားတော့တာပါဘဲ။ အကြိုက်ချင်းတူ၊ လက်ရည်တူချင်း တွေ့ကြပြီကိုး။

နောက်တော့လဲ အရီးလေးကို ဖွင့်ပြောပြီး မောင်လှ နဲ့ မသန်းမြ မင်္ဂလာ ဆောင်လိုက်ကြတယ်။ ရွာထဲက သူတွေက မောင်လှအတွက် ဝမ်းသာလို့။

ခုတော့ မောင်လှကို ခလေးတွေက ဦးမောင်လှတဲ့၊ ဘဘုန်းကြီး တကာ မောင်လှတဲ့၊ လူလူသူသူ ဖြစ်လို့။ ဘယ်သူပြောလဲ မိန်းမ ပေါင်ကြားဝင်လို့ ဘုန်းနိမ့်တယ်ဆိုတာ၊ မောင်လှတို့များ ဘုန်းတောင် တက်သွားသေး။

ပြီးပါပြီ။

မောင်ဇော်ဦး

--

တိုတယ်ဆိုပြီး ဆန္ဒပြသူတွေအတွက် နဲနဲ ဆွဲဆန့်လိုက်တယ်။

ကျုပ် နဲ့ ဆပ်စလူးမတူး

အချိန်တွေကလဲ အကုန်မြန်သား၊ သန်းမြနဲ့ ကျုပ် အိမ်ထောင်ကျတာ ခုဆို ၂ နှစ်ကျော်လို့ ၃ နှစ်လောက် ရောက်ရောပေါ့။ သန်းမြနဲ့ အိမ်ထောင်ကျပြီး လူလူသူသူ လှည်းနဲ့နွားနဲ့ ဖြစ်လာပေမဲ့ မောင်လှတို့ကဘဝင်မမြင့်ပါဘူး၊ မွေးကတည်းက လူတကာ ခိုင်းဘတ်ဖြစ်ခဲ့ တော့ အကျင့်က အပိုးကျိုးနေပြီလေ၊ ဒီတော့ လူလူသူသူ ဖြစ်လာပေမဲ့ မောင်လှကတော့ ထုံးစံအတိုင်း မောင်လှပါဘဲ။

၂ နှစ်လောက် သန်းမြ လယ်ကို ကျုပ်ဦးစီး လုပ်လိုက်တာ ကောက်စိုက်သမ တွေနဲ့ တော်တော်ရင်းနှီးသွားတယ်။ အဲဒီမှာ မတူးဆိုတဲ့ ကောင်မလေးနဲ့ စတွေ့တာဘဲ။ အရင်က ကျုပ်ကို ခိုင်းဘို့လောက်သာ သဘောထားတတ်တဲ့ ကောက်စိုက်သမတွေက ခုလို သူတို့အလုပ်ရှင်ဖြစ်သွားတော့ ဦးမောင်လှကြီး၊ ဦးမောင်လှကြီး နဲ့ ဖားတော့တာပါဘဲ။ ကျုပ်ကလဲ သူတို့ကို ဘယ်လိုမှ သဘောမထားပါဘူး၊ အရင်ကလိုဘဲ သူတို့လိုအပ်တာတွေကို လုပ်ပေးလိုက်တာပါဘဲ။ ကျုပ်စိတ်ထဲမှာတော့ မောင်လှက မောင်လှပါဘဲ။ ကျုပ်ကို မြှောက်လို့လဲ မမြှောက်တတ်ပါဘူး၊ နှိမ်လို့လဲ ကျုပ်စိတ်မဆိုးပါဘူး။

မတူးဆိုတဲ့ အတိုင်း မဲမဲတူးတူးလေး၊ လူကလဲ သေးသေးကွေးကွေး၊ ကိုယ်လုံးကလဲ ပြားပြားချပ်ချပ်။ မသိရင် ၁၄-၅ နှစ်အရွယ်လောက်လို့ဘဲ ထင်စရာရှိတယ်။ အပျိုဖြစ်တာ တော်တော်ကြာပြီဆိုပေမဲ့ သူ့ကိုအပျိုတယောက်လို ရွာထဲက လူတွေက လူရာမသွင်း၊ သူကလဲသူ၊ အနေအထိုင်က ခလေးလို၊ ဟိုစပ်စပ် ဒီစပ်စပ်၊ ယောက်ကျားလေးတွေနဲ့ဆို ခြေပုတ်လက်ပုတ် နန့်နန့်တက်၊ ခက်တာက သူ့ဆို ရွာထဲကကောင်တွေက ဘယ်သူမှ အရေးမလုပ်၊ မစားကောင်းတဲ့ အသီးလို့များ သတ်မှတ်ထားလားမသိ၊ သူကလဲ ရွာထဲက ကောင်တွေဆို ကြာပြစ်ရတာ အမော၊ သူကသာ ပြစ်နေတာ ခုထိတော့ ဘယ်ကောင်မှ သူ့ကို မကျသေး၊ ရွာထဲက ကောက်စိုက်သမတွေက သူ့ကို ဆပ်စလူး မတူးတဲ့။

အဲဒီလိုနဲ့ ဆပ်စလူးမနဲ့ ကျုပ်ပြောမနာ ဆိုမနာ ခင်မင်သွားကြတယ်ဆိုပါစို့။ သူနဲ့ ကျုပ်နဲ့ကလဲ အရွယ်ချင်းက အတော်ကွာတာကလား၊ သူက မသကာ ရှိလှ ၂၀ ဝန်းကျင်ပေါ့၊ ကျုပ်က ၃၅ ကျော်လို့ ၄၀ တန်းလောက် ဝင်ခါနီး၊ သူက ကျုပ်ကို ဦးမောင်လှကြီး၊ ဦးမောင်လှကြီးနဲ့ ခြေပုတ် လက်ပုတ် ပြောချင်ရာပြော ဆိုချင်ရာဆို၊ ကျုပ်ကလဲ သူ့ဆို နောက်ချင်သလိုနောက်၊ ဘယ်သူကမှ ကျုပ်တို့ ၂ ယောက်ကို သင်္ကာမကင်း မဖြစ်ကြ၊ မဖြစ်ဆို ဘာမှလဲ မဖြစ်ကြသေးဘဲကိုး။

အမယ် သူကလား ကျုပ်ကို အားကျနေသေး၊ ကျုပ်လိုလူက မသန်းမြကို ဘယ်လိုရအောင် ပိုးလိုက်သလဲပေါ့၊ သူတင်ဘယ်ကမလဲ ကောက်စိုက်သမတွေ အားလုံးက စကားစပ်မိတိုင်း ကျုပ်ကို မေးကြတာပေါ့၊ ကျုပ်က သူတို့မေးတိုင်း ဟဲဟဲဟဲဟဲ နဲ့ ဘာမှမပြော၊ သိချင်ရင် မသန်းမြကို သွားမေးချေ လို့ဘဲ လွှဲလွှဲချတာကလား၊ သူတို့လား သန်းမြကို မေးရဲမှာ၊ သန်းမြ ပါးစပ်ပေါက် ဘယ်လောက်ကြမ်းတယ်ဆိုတာ သူတို့ အသိ။

အမှန်ပြောရရင် ကျုပ်လဲ နေ့တိုင်း သန်းမြဆီက အဆီတဝင်းဝင်း ကြီးကို စားရတာ နဲနဲငြီးငွေ့လာပြီ။ တခါတလေတော့လဲ အရိုးအရင်းလေး ကိုက်ချင်လာတယ်။ အစကတော့ တခါမှ မစားဘူးတဲ့ အဲဒီ အဆီတဝင်းဝင်းကြီးကို တသက်လုံး မရိုးအောင် စားနိုင်မယ်လို့ဘဲ ထင်ခဲ့တာဘဲ။ စားပါများတော့ ခု အီလာပြီ၊ နေ့တိုင်းတောင် မစားနိုင်တော့ဘူး။ သန်းမြကလဲ အရင်ကျုပ်နဲ့ ယူခါစလိုမဟုတ်တော့၊ ကိုယ်လုံးကလဲ ၂ ဆလောက် တက်လာတာဆိုတော့ တခါတခါ စားပြီးရင် လူကို ဟိုက်နေတာဘဲ၊ မနဲဖြိုရတာကိုး။ သိတဲ့အတိုင်း စမိရင် သန်းမြက တော်ရုံနဲ့ ဆန္ဒပြည့်တာ မဟုတ်ဘူး။ သူ့ကိုယ်လုံးကြီးကို ဆွဲဆွဲပြီး ဆောင့်ရတာ လူကို လျှာထွက်နေတာဘဲ။

ကျုပ်ကလဲကျုပ်၊ ကျုပ်စိုက်ထားတဲ့ လယ်ထဲ တနေ့တခေါက်မရောက်ရရင် မနေနိုင်ဘူး၊ သူများတွေလို စိုက်ပြီး ပြစ်ထားတာမဟုတ်ဘူး၊ နေ့စဉ် အပင်တွေမှ အောင်ရဲ့လား၊ ပိုးများကျနေလား၊ သွားသွားကြည့်ရတာ၊ ဒီနေ့လဲ ထုံးစံအတိုင်း နေ့လည်စာစားပြီး လယ်ထဲ ထွက်ခဲ့တယ်။
ဟိုနားနဲနဲ ဒီနားနဲနဲ စိုက်ထားတဲ့ စပါးပင်တွေ လျှောက်ပတ်ကြည့်ကာ ထုံးစံအတိုင်း တဲလေးထဲ လာထိုင်ပြီး မျက်စိတဆုံး မြင်ရတဲ့ စပါးခင်းကြီးကို ငေးရင်း ဆေးလိပ် ထိုင်ဖွာနေမိတယ်။

"ဟိတ်"
"ဟ နင့်မေကလိုး၊ သောက်ခွေး"
ရုပ်တရက် အနောက်က ဟိတ်ကနဲ အော်ရင်း လှန့်လိုက်တာကြောင့် ငေးနေတဲ့ ကျုပ် လန့်ပြီး ပါးစပ်က ထွက်မိထွက်ရာ ထွက်သွားတယ်။
"ခစ် ခစ် ခစ် ခစ် ဦးမောင်လှကြီး လန့်တာကလဲ ရီစရာကြီး"
နောက်လှည့်ကြည့်လိုက်တော့ မတူး၊
"ဟဲ့ မိတူး၊ နင် လူကြီးကို နောက်စရာလား၊ ငါ ဆော်ထည့်လိုက်ရလို့" ဆိုပြီး သူ့ကို ရိုက်ဘို့ လက်ရွယ်တော့ လက် ၂ ဘက်နဲ့ သူ့ခေါင်းကို ကာရင်း ကျုပ်ထိုင်နေတဲ့ ဘေးဝင်ထိုင်တယ်။
"ဦးမောင်လှကြီး ဒီမှာ တယောက်တည်း ဘာလုပ်နေတာလဲ"
"ဟ ဘာလုပ်ရမှာလဲ ထိုင်နေတာ နင် မမြင်ဘူးလား" စိတ်တိုတိုနဲ့ ဘုတော လိုက်တယ်။
"ခစ် ခစ် ခစ် ခစ် ဦးမောင်လှကြီးကလဲ ထိုင်နေတာတော့ မြင်တာပေါ့၊ ဘာလုပ်နေလဲလို့ မေးတာ" ဆိုရင်း သူ့ဝသီအတိုင်း ကျုပ်လက်မောင်းကို လှမ်းပုတ်လိုက်တယ်။
"ဟ ထိုင်နေမှတော့ ဘာလုပ်ရမှာလဲ ထိုင်နေတာပေါ့ဟ"
"မှုတ်ပါဘူး၊ ဦးမောင်လှကြီး တခုခုကို တွေးနေတာပါ၊ မတူးလာတာတောင်မသိဘူး"
"မတွေးပါဘူးဟ၊ ငါ့ဟာငါ လယ်ကွင်းကြီးကို ငေးရင်း ဆေးလိပ်ဖွာနေတာပါ"
"အမယ် မလိမ်ပါနဲ့နော်၊ မတူးသိပါတယ်၊ တခုခုကို တွေးနေတယ် မှတ်လား"

ဒီကောင်မလား ဖွတ်၊ မတွေးပါဘူးဆိုမှ အတင်း ဖွတ်ညင်းနေတယ်၊ ဒီလောက်တောင်ဖြစ်လှတာ မှတ်လောက်အောင် နဲနဲ ပညာပေးမှ ဖြစ်မယ်လို့ တွေးမိပြီး၊

"ဟဲ ဟဲ ဟဲ ဟဲ ငါ သန်းမြနဲ့ စ ညားတဲ့ အကြောင်း တွေးနေတာ" ခပ်တည်တည်နဲ့ ပြောလိုက်တယ်။
"ဟော ဟော ပေါ်ပြီ၊ မတူးသိပါတယ်၊ ဦးမောင်လှကြီး တခုခုကို တွေးနေတယ်ဆိုတာ၊ ပြောစမ်းပါ၊ မသန်းမြနဲ့ ဦးမောင်လှကြီး ဘယ်လို ဘယ်လိုဖြစ်ကြတယ်ဆိုတာ"
မတူးလား ဒါမျိုးဆို ထိပ်ဆုံးက
"ဟ ဒါ နင့်ကို ပြောလို့ဖြစ်မလား"
"ဖြစ်ပါတယ် ဘာလို့ မဖြစ်ရမှာလဲ၊ မတူးတို့က ဒါမျိုးဆို နားရည်ဝနေပြီ၊ ဟို ရွာတောင်ပိုင်းက မတူး သူငယ်ချင်း မိမိုးလေ၊ သူ သူ့ရီးစားနဲ့ ချိန်းတွေ့တာဆို အကုန် မတူးကို ပြောပြ . . . တာ"
ကောင်မ အပြောကောင်း၊ စကားကို တောင် အဆွဲအငင်လေးနဲ့၊
"ဟဲ့ ဒါက သူ့ဟာသူတို့ ချိန်းတွေ့ပြီး ရီးစားစကားပြောတာ၊ ငါတို့က အဲလိုမျိုးမဟုတ်ဘူး၊ ပြောလို့မကောင်းဘူးဟ"
"အမယ် ဘာရီးစားစကားပြောတာလဲ၊ စကားပြောရုံတင် ဘယ်ကမလဲ၊ ဟိုဟာ ဒီဟာလဲ ပါသေး"
"ဘာလဲဟ ဟိုဟာ ဒီဟာဆိုတာ"
"ဦးမောင်လှကြီးကလဲလေ တော်တော်တုန်းတာဘဲ၊ ဟိုဟာဒီဟာဆိုတာ သူတို့ ချိန်းတုန်းက သူ့ကောင်က သူ့ကို ပါးတွေ ဘာတွေ နမ်းတာတွေပေါ့၊ ခွိ ခွိ ခွိ ခွိ"
ကောင်မ၊ ပြောရင်း တခွိ ခွိ ရယ်နေသေး၊ ဒါကြောင့် သူ့ကို ဆပ်စလူး မတူး လို့ ခေါ်ကြတာ။
ပြောရကောင်းမှန်းမသိ၊ မကောင်းမှန်းမသိ။
"ဟား ဟား ဟား ဟား ပါးလေးနမ်းတာလောက်ကတော့ ငါ စကားထဲတောင် ထည့်မပြောဘူး"

"ဒါဆို ဦးမောင်လှကြီးက မသန်းမြကို ချိန်းတွေ့တော့ ပါးတောင် မနမ်းဘူးပေါ့ ဟုတ်လား"
"ဟ နမ်းတာပေါ့ဟ၊ ဒါပေမဲ့ ပါးမဟုတ်ဘူး၊ တခြားနေရာ ဟဲ ဟဲ ဟဲ ဟဲ"
ကျုပ်လား ဘာရမလဲ အကွက်ဆင်လိုက်တယ်၊ မတူး ကျုပ်ဆင်တဲ့ အကွက်ထဲ တဲ့တဲ့ဝင်လာတယ်၊ နဲနဲမှ မစောင်း။
"ဒါဆို ပြောစမ်းပါ ဦးမောင်လှကြီးရာ၊ ဘယ်ကို နမ်းတာလဲ"
"ဟ ငါ နင့်ကို ပြောလိုက်ရင် တရွာလုံး ပွသွားမှာပေါ့"
"မိတူး ဘယ်သူကိုမှ လျှောက်မပြောဘူးလေ"
"အော အော ငါက နင့်ကို ယုံရမယ်လား၊ နင်လား ဘယ်သူမှ လျှောက်မပြောမှာ"
"တကယ်ပါ ဦးမောင်လှကြီးကလဲ မတူး လျှောက်ပြောရင် နောက်နှစ် မတူးကို ကောက်စိုက်ဘို့ မခေါ်နဲ့တော့"
"ငါက မခေါ်လဲ နင့်ကို တခြားသူက ခေါ်မှာဘဲ၊ ဘာထူးလဲ၊ ငါ့အကြောင်း ရွာထဲ ပွသွားတာဘဲ အဖတ်တင်မယ်"
"ဒါဆို မတူးကို လုပ်ချင်တာ လုပ်လေ"
"တော်ပါ မတူးရာ၊ နင့်ကိုငါ ဘာလုပ်လို့ ရမှာလို့လဲ၊ ဘာမှ မဟုတ်ဘူး၊ သွား သွား မသိချင်နဲ့တော့"
"မသွားဘူး၊ ဦးမောင်လှကြီး မပြောမချင်း မသွားဘူး"
"အေး မသွားရင်လဲ နေ၊ ငါက မပြောဘူး၊ နင့်ကို ပြောလို့ကတော့ ငါ ငါးပါး မှောက်ပြီးသားဘဲ၊ . . . . အဲ တခုတော့ ရှိတယ် . . . "
ကျုပ်က အကြံရသလို လက်ဖျောက်တီးလိုက်တယ်၊ ပြီးတော့ သူ့အရိပ်အကဲ တချက်ကြည့်လိုက်တယ်၊ သူက မနေနိုင်
"ဘာ တခုတော့ ရှိတာလဲ ဦးမောင်လှကြီး"
"ဘာရှိရမှာလဲ၊ နင်က အရမ်းသိချင်နေတာဆိုတော့၊ ငါက နင့်ကို မပြောပြဘူး၊ ငါ နင့်ကို သန်းမြကို လုပ်သလို လုပ်ပြမယ်၊ ဒါဆို နင်လဲ ဘယ်သူမှ လျှောက်မပြောဘူးဆိုတာ ငါယုံလို့ရပြီ၊ ဘယ့်နှယ်လဲ၊ ဟဲ ဟဲ ဟဲ ဟဲ"
ကဲ ကျုပ်မပိုင်လား၊ တချက်ခုတ် နှစ်ချက်ပြတ်၊ ဒီကောင်မက အိုကေ ဆို ကျုပ် အမြတ်၊ မအိုကေဘူး ကျုပ်အရင်း၊
"သွား ဦးမောင်လှကြီး ညစ်စုတ်"
ထုံးစံအတိုင်း ကျုပ်လက်မောင်းကို လှမ်းရိုက်ရင်း ပြောတယ်၊ စိတ်ဆိုးပုံတော့ မရ၊ ဘယ်လိုကောင်မလေးပါလိမ့်၊ ရှုးပေါပေါနဲ့။
"ဘာ ညစ်စုတ်လဲ၊ ဒီတနည်းဘဲရှိတယ်၊ ငါပြောတာ မဟုတ်လား၊ ဒါတောင် ငါက နင့်ကို နမူနာလောက်ဘဲ ပြမှာ"
"အမယ် ဦးမောင်လှကြီး အကြံ မသိဘူးများ မှတ်နေလာ၊ မတူးကို ညာနမ်းမလို့ မဟုတ်လား"
ဟ ဟ ရီချင်တယ် သူ့အပြော၊ သူ့ကိုယ်သူ လည်လှပြီပေါ့လေ၊ ဒီလောက်တော့ ကျုပ်က အပျော့။
"နင့်ပုံက ညာ နမ်းချင်စရာကြီးကိုး၊ ဒီနားမှာ ဘယ်သူမှ မရှိဘူး၊ နမ်းချင်လို့ကတော့ ညာနမ်းစရာတောင် မလိုဘူး၊ ခု ဖက်နမ်းလိုက်လို့ ရတယ်၊ သိလား၊ တော်ပြီ၊ တော်ပြီး နင့်ကို ပြောလဲ မပြောတော့ဘူး၊ ပြလဲ မပြတော့ဘူး၊ ငါလဲ ပြန်တော့မယ်"
ခပ်တည်တည်နဲ့ ဘုတောလိုက်ပြီး ထိုင်ရာက ထမယ် ဟန်လဲ ပြင်လိုက်ရော။
"နေပါအုန်း ဦးမောင်လှကြီးကလဲ ဒီမှာ မတူးက စဉ်းစားနေတာ"
ပြာပြာသလဲ ထဟန်ပြင်တဲ့ ကျုပ်လက်မောင်းကို အတင်းဆွဲထားတယ်။
"ဘာ စဉ်းစားနေတာလဲ"
"ဦးမောင်လှကြီးဘဲ ပြောပြီးတော့ ပါးကို နမ်းတာ မဟုတ်ဘူးဆို"
"အင်းလေ၊ အဲတာ ဘာဖြစ်လဲ"
"အဲဒါ စဉ်းစားနေတာပေါ့၊ ဦးမောင်လှကြီးက ပါးကို နမ်းတာ မဟုတ်တော့ တော်ကြာ မတူးကို ဟိုဟို ဒီဒီ နမ်းလို့ကတော့ ခိ ခိ"
"ဟဲ့ နင့် ဟိုဟို ဒီဒီ က ဘာကိုပြောတာလဲ"
"ဘယ်သိမလဲ ဦးမောင်လှကြီးကလဲ ပါးကလွဲရင် အားလုံး ဖြစ်နိုင်တာဘဲဟာ"
ဟိုပြောဒီပြောနဲ့ ကျုပ်ကောင် ပြောင်ကြီးတောင် မာတာတာ လေး ဖြစ်လာတယ်။ ကောင်မကလဲ ရွှတတ၊

ကျုပ်ကလဲ ခပ်ထထ၊ ပြောရင်း ဘယ်ရောက်လို့ ရောက်မှန်းတောင် မသိတော့။
"ကဲပါ ပြောနေတာကြာတယ်၊ နင်သိချင်လား မသိချင်ဘူးလား ဒါဘဲပြော၊ ငါလဲ ပြန်တော့မှာ"
"ဦးမောင်လှကြီး"
"ဘာလဲ"
"တခါဘဲ နမ်းပြရမှာနော်"
"အေးပါဟ၊ တခါဘဲ မနမ်းလို့ ငါကနင့်ကို အခါတရာ နမ်းပြရမှာလား"
"ဦးမောင်လှကြီး"
"ဘာလဲဟ"
"အကြာကြီး မနမ်းရဘူးနော်"
"လုပ်ပြန်ပြီ၊ ငါသိပါတယ်ဟ"
"ဦးမောင်လှကြီး"
"တော်ပြီ၊ တော်ပြီ၊ နင်က လျှာကိုရှည်တယ်"
"ကဲပါ နမ်း နမ်း၊ ကဲ နမ်းပြ"
"ဒါဆို မတ်တပ်ရပ်၊ ငါ့ရှေ့လာ"
"ဒီလိုဘဲ ထိုင်ရက် နမ်းလို့မရဘူးလား"
"မရဘူး၊ ငါ သန်းမြကို စစတွေ့ချင်း၊ သူက ငါ့ရှေ့က ဖြတ်လျှောက်တော့ ငါက သူ့လက်ကို ဆွဲပြီး အတင်း နမ်းပြစ်လိုက်တာ၊ လာ ဒီလို ငါပြမယ်"
ပြောပြောဆိုဆို သူ့လက်ကို ဆွဲပြီး ကျုပ်ရှေ့ ဆွဲယူလိုက်တယ်၊ ကျုပ်ရှေ့ရောက်တော့ သူ့ကို ဖက်ပြီး မပေါ့တပေါ် ဘိုက်သားကို ကျုပ်နှုတ်ခမ်းနဲ့ ဆွဲစုတ်ပြစ်လိုက်တယ်။
ရုတ်တရက်ဆိုတော့ သူဘယ်လိုမှ မထင်လိုက်၊ ကျုပ်လက်က သူ့တင်ပါး ၂ ဖက်ကို တင်းတင်းကိုင်လို့ ဘိုက်သားကို ဆွဲစုတ်ရင်း လျှာနဲ့ပါ အဆစ် ကလိပေးလိုက်တယ်။
"အိုး . . . ခစ် ခစ် ခစ် ခစ် ဦးမောင်လှကြီး ယားတယ်၊ ယားတယ် ခစ် ခစ် ခစ် ခစ်"
မတူး၊ တခစ် ခစ် နဲ့ ယားလို့ မဆုံး။ တအောင့်လောက် ဆွဲစုတ်ပေးပြီး လွှတ်လိုက်တယ်။
"ကဲ သိပြီလား၊ ငါ သန်းမြကို ဘယ်နေရာ နမ်းလိုက်တယ် ဆိုတာ"
"ခစ် ခစ် ခစ် ခစ် သိပြီ၊ ဦးမောင်လှကြီး ညစ်စုတ်"
ပြောပြောဆိုဆို မတူး ကျုပ်အရှေ့က ပြေးထွက်သွားပါလေရော။ ဒီကောင်မလေး မနက်ဖြန် ကျုပ်ဆီ ပြန်လာရင်တော့ ကျုပ်ပိုင်ပြီဘဲ။
ပြောင်ကြီးက တော့ တင်းလို့။ မထူးပါဘူး၊ အိမ်ပြန်ပြီး သန်းမြကို သွားဝါးအုံးမှ။

နောက်နေ့။
ကျုပ်ထင်ထားတဲ့ အတိုင်း မတူး ပေါက်ချလာတယ်။
"ဒီနေ့ ဘာလာစပ်စုအုံးမလို့လဲ"
"တော်ပါပြီ၊ ဦးမောင်လှကြီးကိုတော့ ကြောက်သွားပါပြီ"
ပြောရင်း ကျုပ်ဘေး ဝင်ထိုင်တယ်၊
"အေး မှတ်ထား၊ ဒါတောင် နင့်ကို ငါ မနေ့က နမူနာလေးဘဲ ပြလိုက်တာ၊ ငါ သန်းမြကို လုပ်သလိုသာ လုပ်ပြလိုက်လို့ကတော့ နင်လား"
ကျုပ်စကား မဆက်၊ တဝက်တပြက်နဲ့ ရပ်လိုက်တယ်။ သိတယ်၊ ဒါမျိုးဆို မတူးတို့က မနေနိုင်။
"နင်လား၊ ဘာဖြစ်လဲ ဦးမောင်လှကြီးရဲ့ ဆက်ပြောပါ"
"ပြောချင်ပါဘူး၊ ပြောရင် ဇတ်လမ်းက လာအုံးမယ်"
"လုပ်ပြီ၊ ဦးမောင်လှကြီးကတော့ အမြဲတမ်း တိုးလို့တန်းလန်း"
"ဟဲ့ မတန်းလန်းလို့ရမလား၊ နင်သိတဲ့အတိုင်း ငါက သိပ်ပြောပြတတ်တာ မဟုတ်ဘူး၊ လက်တွေ့ဘဲပြတတ်တာ"
"အမလေး၊ လက်တွေ့တော့တော်ပါပြီ၊ မနေ့က ဦးမောင်လှကြီး နမ်းလိုက်တာ အိမ်ရောက်တဲ့အထိ ကြက်သီးထတုန်း၊ ခစ် ခစ် ခစ် ခစ်"

“ဟား ဟား ဟား ဟား”
“ဘာရီတာလဲ”
“နင်ပြောတာ သဘောကျလို့ပေါ့ဟ၊ ယားမှာပေါ့၊ နင့်စိတ်ထဲမှာ ငါနမ်းတာကို နင့်ရီးစား နမ်းနေတယ်လို့မှ သဘောမထားတာ”
“သဘောထားတော့ကော ဘာထူးမှာမို့လို့လဲ၊ ယားတာကတော့ ယားတာဘဲ”
“သန်းမြတို့တော့ မယားပေါင်၊ သဘောကို ကျလို့၊ အဖျားတက်သလို တဟီးဟီးနဲ့”
“ဦးမောင်လှကြီး ဘာတွေ လျှောက်ပြောနေတာလဲ”
“ဟ အမှန်တွေ ပြောနေတာပေါ့၊ လာ နင့်ကို ငါပြန်နမ်းပြမယ်”
